## ၇။ စပါးရွက်လိပ်ပိုး

**Rice Leaf Roller*: Marasmia exigua/ Cnaphalocrocis exigua* (Butler, 1879)**

**Lepidoptera : Crambidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





အကောင်ကြီးသည်(၁၃)မီလီမီတာခန့်ရှည်ပြီးအတောင်ပံများမှာမီးခိုးရောင်ဖြစ်ပြီးအညိုရောင်လိုင်းများပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ပျိုးပင်အဆင့် နှင့်အပင်ငယ်များအားဖျက်ဆီးသည်။အရွက်များအားအမျှင်များ ဖြင့်လိပ် ကာအခေါင်းအတွင်းဝင်ရောက်စားသောက်ခြင်း၊အရွက်မျက်နှာပြင်အားခြစ်စားခြင်းကြောင့်အဖြူရောင်အမာရွတ်များဖြစ်စေပါသည်။အရွက်များတွင်ပိုးချေးများတွေ့ရသည်။ယာစပါးများတွင်မိုးရေသောက်နှင့်ဆည်ရေသောက်များထက်ပိုမိုတွေ့ရှိရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **-(**၅-၂၂ **)** ရက်

လောက်ကောင်အဆင့်　　　**– (၁၆)** ရက်

ရုပ်ဖုံး   အဆင့်　　　**– (၈ )** ရက်

အကောင်ကြီးအဆင့်　　　**–(၈–၉)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ကန်သင်းပတ်လည်ပေါင်းမြက်များအားရှင်းလင်းပါ။

(၂)မြေလှုပ်ပါ။

(၃)လမိုင်း ထားခြင်းမပြုလုပ်ရပါ။

(၄)အပင်စိပ်စိပ်စိုက်ခြင်းမှရှောင်ကြဉ်ပါ။

(၅)ပိုးကျအရွက်များအားညှပ်ပေးပါ။

(၆)အလင်းရောင်ထောင်ချောက်ထောင်၍အကောင်ကြီးများအားဖမ်းယူပါ။

(၇)ငှက်နားနေတိုင်များထောင်ပေးပါ။

(၈)ဓါတ်မြေသြဇာသင့်တင့်သောနှုန်းထားထည့်ပေးပါ။(နှုန်းထားနည်းထည့်ခြင်းသည်ဖျက်ပိုးကျရောက်မှုနည်းစေသည်)

(၉)ရွက်လိပ်ပိုးတွေ့၍ပိုးသတ်ဆေးဖျန်းခြင်းသည်ဖြုတ်ပိုးပိုမိုကျရောက်စေသဖြင့်ပိုးသတ်ဆေးအားသတိပြုဆင်ခြင်သုံးစွဲပါ။

(၁၀)ကျရောက်မှုများ၍လိုအပ်မှသာ ထိသေ၊စားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက  အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)

- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)
- အင်ဒိုဇာကပ်(Indoxacarb)
- ကာဘာရိုင်း(Carbaryl)